# တရားရုံးသို့ သွားရောက်ခြင်း

COVID-19 ကမ္ဘာ့ရောဂါကပ်ဘေးကြီး အတောအတွင်း ဩစတြေးလျနိုင်ငံ တရားရုံးချုပ်၊ ဩစတြေးလျနိုင်ငံ ဗဟိုတရားရုံး၊ ဩစတြေးလျနိုင်ငံ မိသားစု တရားရုံး နှင့် ဩစတြေးလျနိုင်ငံ ဗဟို အယူခံ တရားရုံး (High Court of Australia, Federal Court of Australia, Family Court of Australia and Federal Circuit Court of Australia) တို့ကို ဆက်လက် ဖွင့်ထားပါသည်။

သို့သော်လည်း အဆိုပါ တရားရုံးများသည် အများပြည်သူ ကောင်တာများနှင့် မျက်နှာချင်းဆိုင် လုပ်ရမည့် ဝန်ဆောင်မှုများ အားလုံးကို ပိတ်ထားသည်၊ တရားရုံး တစ်ရုံးစီသည် လက်ရှိ အမှုအခင်းများကို တရားရုံး ရှေ့မှောက်၌ အစီအမံများ လုပ်ခဲ့ပါသည်။ အရေးပေါ် ကိစ္စများတွင် မျက်နှာချင်းဆိုင် ဝန်ဆောင်မှုများကို တယ်လီဖုန်းမှတစ်ဆင့် ကနဦး စိစစ်ပြီးနောက် လုပ်ပေးကောင်း လုပ်ပေးနိုင်သည်။

နောက်ဆုံးပေါ် သတင်းအချက်အလက်များနှင့် နောက်ဆုံး ပြင်ဆင်သတင်းများ အတွက် သက်ဆိုင်ရာ တရားရုံး၏ ဝက်ဘ်ဆိုက်တွင် ကြည့်ပါ သို့မဟုတ် အောက်ပါ ဆက်သွယ်ရမည့် အချက်အလက်များကို သုံးပါ–

- High Court of Australia or 02 6270 6811
- Federal Court of Australia or 1300 720 980
- Family Court of Australia or 1300 352 000
- Federal Circuit Court of Australia or 1300 720 980

စီမံခန့်ခွဲရေးဆိုင်ရာ အယူခံ ခုံရုံး (Administrative Appeals Tribunal) ကိုလည်း ဒေသဆိုင်ရာ ရုံးများ လက်ရှိ၌ ပိတ်ထားသည့်တိုင် ဖွင့်လှစ်ပေးထားသည်၊ ပိုမိုသိရှိလိုသော အချက်အလက်များအတွက် ခုံရုံး၏ ဝက်ဘ်ဆိုက် တွင်ကြည့်ပါ သို့မဟုတ် ဖုန်း 1800 228 333 ကိုခေါ်ပါ။